# အဆက်မပြတ် ထိုးစစ်ဆင်နိုင်ရေး နှင့် အပြီးသတ် ထိုးစစ်

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်ချထားခြင်းမှ လွှတ်ပေးရမည့်အချိန် နီးလာသောအခါ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် ဒီမိုကရေစီအင်အားစုများ၊ မြန်မာပြည်တွင် စစ်မှန်သော ဒီမိုကရေစီ ထွန်းကားရေးကိုလိုလားသော မြင်တွေ့လိုသော နိုင်ငံတကာအသိုင်းအဝိုင်းကပါ သူမကို လွှတ်ပေးရန် တောင်းဆိုသံများ ကျယ်လောင်လာခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေးအရှိန်အဝါ လွန်စွာကြီးမားသည်ကို ကောင်းစွာသိသော မြန်မာစစ်အာဏာပိုင် များသည် သူမကို လွှတ်ပေးရမည်ကို ကြောက်ရွံ့စိုးရိမ်နေသည်။ ထို့ကြောင့် သူမအား ဆက်လက် ဖမ်းချုပ်နိုင်ရေး အတွက် ကြိုးပမ်း လုပ်ဆောင်လာခဲ့သည်။

ထိုအတွက်ပေါ်လာသည့် အကြောင်းတရပ်မှာ အမေရိကန်နိုင်ငံသားတဦးကို နေအိမ်တွင်ခေတ္တခိုလှုံခွင့်ပြုခဲ့သည့် ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်ကန့်သတ်ချက်ကို ချိုးဖောက်သည့် အမှုဖြင့် နအဖ စစ်အာဏာပိုင် များက တရားရုံးတင် စစ်ဆေးခြင်းပင် ဖြစ်သည်။

စစ်အာဏာပိုင်များက ထိုသို့ပြုလုပ်လိုက်သည့်အတွက် ဒေါ်အောင်ဆန်းစုကြည်ကိုလွှတ်ပေးရန် တစိုက်မတ်မတ် တောင်း ဆိုနေသူများ၏အသံများက ပိုမိုကျယ်လောင်လာခဲ့သည့်အပြင် တောင်းဆိုမှုအရေအတွက်ပင် ပိုမို များပြားလာခဲ့သည်။ တနည်းဆိုရသော် ဒေါ်အောင်ဆန်းစုကြည်အား လွှတ်ပေးရန် နိုင်ငံတကာအသိုင်းအဝိုင်း၏ ဖိအားပေးမှု တိုးတက်လာခဲ့လေသည်။

လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းက နိုင်ငံတကာအသိုင်းအဝိုင်း၏ဖိအားသည် မြန်မာစစ်အာဏာပိုင်များအပေါ် ယခုလို ပြင်းပြင်းထန်ထန် ကျရောက်ခဲ့ခြင်းမျိုး မရှိခဲ့ပေ။ သို့သော် လက်ရှိအခြေအနေတွင် ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်ရေး မျှော်လင့်ချက်များသည် ယခင်ကထက်စာလျှင် ပိုမိုမြင့်မားလာပြီဟု တွက်ဆနိုင်ပေသည်။

ထို့ကြောင့် ယခုအချိန်တွင် ထိုကဲ့သို့သော မြင့်မားလာနေသည့် မျှော်လင့်ချက်များ လက်တွေ့ ဖြစ်မြောက်လာရေး အတွက် ပြည်တွင်းပြည်ပ အင်အားစုအားလုံး (မြန်မာ့ဒီမိုကရေစီအင်အားစုများရော၊ နိုင်ငံတကာ အသိုင်းအဝိုင်း ကပါ) ဝိုင်းဝန်း ကြိုးပမ်းကြရမည် ဖြစ်သည်။

သို့ဆိုလျှင် မည်သို့လုပ်ဆောင်ကြရမည်နည်း ဆိုသည့် မေးခွန်းထွက်ပေါ်လာပေသည်။

ပြည်တွင်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ဒေါ်အောင်ဆန်းစုကြည်နှင့်ပတ်သက်သည့် တရားရင်ဆိုင်နေရမှုကို ဥပဒေရေးရာ ရှုထောင့်မှ ကြည့်ကာ ပြတ်ပြတ်သားသား လုပ်ဆောင်ကြိုးပမ်းရမည် ဖြစ်သည်။ တချိန်တည်းမှာပင် နိုင်ငံရေးပါတီ ဖြစ်သည့်အတွက် နိုင်ငံရေးနည်းအရ လှုပ်ရှားမှုများကို ဆထက်ထမ်းပိုး ဆောင်ရွက်ရန် လိုအပ်ပေသည်။ မိမိတို့ ပါတီခေါင်းဆောင်အား မတရား အကွက်ဆင်ကာ ဖမ်းဆီးထောင်ချရန် ကြိုးပမ်းမှုများမှ လွှတ်မြောက်လာစေရေးအတွက် တောင်းဆိုလှုပ်ရှားမှုနှင့် ထိုတောင်းဆိုမှုများကို ပြည်သူလူထုက ထောက်ခံမှု ပိုမို ပြုလုပ်လာရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ရမည် ဖြစ်သည်။ တနည်းဆိုလျှင် မြန်မာစစ်အာဏာပိုင်များအား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဖိအား စတင်ပေးလိုက်ခြင်းပင် ဖြစ်သည်။

အခြား ဒီမိုကရေစီရေးအင်အားစုများနှင့် ပြည်သူလူထုတို့ကလည်း ဒေါ်အောင်ဆန်းစုကြည်အား မတရား ဖမ်းဆီးထောင်ချရန် စစ်အာဏာပိုင်များ၏ ကြိုးပမ်းချက်များကို မကျေနပ်ကြောင်း လက်မခံကြောင်းကို ဖမ်းဆီး

မြိမ်းခြောက်နိပ်စက်ခံရမှု အနည်းဆုံးဖြင့် လုပ်ဆောင်နိုင်ရန် လိုအပ်သည်။ လူထုက ထိုသို့လုပ်ဆောင်နိုင်ရေးကို နိုင်ငံရေးလှုပ်ရှားသူများက အကြမ်းမဖက်သော လူထုလှုပ်ရှားမှုအသွင်ဖြင့် နည်းလမ်းပြ ဦးဆောင်နိုင်ရမည် ဖြစ်သည်။ ထိုအတွက် နည်းဗျူဟာ၊ လုပ်ငန်းစဉ်၊ ငွေကြေး၊ ဆက်သွယ်ရေး စသည့် လိုအပ်ချက်များကို ပံ့ပိုးပေးရန် စီစဉ်ပေးရမည်။

ပြည်ပရောက် မြန်မာ့ဒီမိုကရေစီ အင်အားစုအသီးသီးကလည်း မိမိတို့ရောက်ရှိရာ နိုင်ငံများ၌ စစ်အာဏာပိုင်များ၏ တရားမဲ့ လုပ်ရပ်များကို ဆန့်ကျင်ကန့်ကွက်ကြောင်း ဆန္ဒထုတ်ဖော်ရုံမက၊ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေး အလွန်အမင်း အလိုရှိကြောင်းကို သက်ဆိုင်ရာ နိုင်ငံအသီးသီးမှ အာဏာပိုင်များသိရှိစေရန် အင်နှင့်အားနှင့် ဆန္ဒထုတ်ဖော်ရန် လိုအပ်သည်။ ထိုသို့ပြုလုပ်ရုံဖြင့် မလုံလောက်သေးပါ။ သက်ဆိုင်ရာ အစိုးရ အသီးသီးသို့ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးသည် မြန်မာ့အနာဂတ်နိုင်ငံရေး၊ ဒေသတွင်းတည်ငြိမ်ရေး၊ ဒီမိုကရေစီရေး။ လူ့အခွင့်အရေးများ တိုးတက်လာစေရေးအတွက် မည်မျှ အကျိုးသက်ရောက်မှု ရှိစေသည်ကို ခိုင်ခိုင်မာမာ ပြောဆိုသုံးသပ် ဆွေးနွေးမှုများ ပြုလုပ်ကာ စည်းရုံးလှုံ့ဆော်ရန်လိုအပ်ပါသည်။ ထိုမျှမကသေး ပြည်တွင်းရှိ အင်အားစုများ၏ အကြမ်းမဖက်သော အောက်ခြေလူထု လှုပ်ရှားမှုများအတွက် လိုအပ်သော ငွေကြေး၊ နည်းလမ်းနှင့် အခြားအထောက်အကူပြုအရာများ ပံ့ပိုးပေးနိုင်ရေးကို စနစ်တကျ လုပ်ဆောင်ရန်လိုအပ်သည်။ ယခုကဲ့သို့သော အခြေအနေ အချိန်အခါမျိုးတွင် မိမိတို့အင်အားစုများအတွင်း နားလည်မှု အပြည့်အဝပေးကာ ဟန်ချက်ညီညီ လုပ်ဆောင်နိုင်ရေးသည် အထူးအရေးကြီးသော လိုအပ်ချက်တရပ် ဖြစ်ပေသည်။

နိုင်ငံတကာအသိုင်းအဝိုင်းကလည်း မိမိတို့၏ နိုင်ငံရေး သြဇာအရှိန်အဝါ၊ သံတမန်ရေး အဆက်အသွယ်၊ စီးပွားရေးလက်နက် စသည်တို့ဖြင့် မြန်မာစစ်အာဏာပိုင်များအပေါ် ဖိအား ဆက်တိုက်ပေးနိုင်ရန်လည်း လိုအပ်သည်။ ထို့အပြင် မြန်မာပြည်သို့ လက်နက်မရောင်းချရေး ပိတ်ပင်တားမြစ်မှုများကိုလည်း တကမ္ဘာလုံး အတိုင်းအတာဖြင့် ဝိုင်းဝန်း လုပ်ဆောင်လာရန် ကြိုးပမ်းလှုပ်ရှားနိုင်ရေးသည် အရေးကြီးသည်။ ကြေညာချက်များ ထုတ်ပြန်နေရုံဖြင့် မြန်မာအာဏာပိုင်များအပေါ် ထိရောက်သော ဖိအား ကျရောက်နိုင်မည် မဟုတ်ပေ။ လက်တွေ့ ကျသည့်လုပ်ရပ်များ အထူးလိုအပ်နေသောအချိန်ဖြစ်သည်။ ထို့ကြောင့် လက်တွေ့ကျသည့် ထိရောက်သော လုပ်ရပ်များကို နိုင်ငံတကာအသိုင်းက မြန်မြန်ဆန်ဆန် ဖော်ဆောင်လာရေးအတွက် ပြည်ပရောက်အင်အားစုများက အချိန်ကိုက် ဝိုင်းဝန်းကြိုးပမ်းရမည်ဖြစ်သည်။

ပြည်တွင်းနိုင်ငံရေးနှင့် စီးပွားရေးအကျပ်အတည်းများကို ရင်ဆိုင်နေရသည့် မြန်မာစစ်အာဏာပိုင်များသည် ဒေါ်အောင်ဆန်းစုကြည်အား ဆက်လက်ဖမ်းချုပ်နိုင်ရန် ကြိုးပမ်းခဲ့ချိန်မှစတင်ကာ ပြည်တွင်းပြည်ပ မျက်နှာစာ အသီးသီးတွင် ခံစစ်အနေအထားသို့ ရောက်ရှိသွားခဲ့ပေသည်။

၁၉၈၈ ခုနှစ်တွင် အာဏာသိမ်းခဲ့သည့်အချိန်မှ စတင်ကာ ရက်စက်ကြမ်းကြုတ်မှုများဖြင့် ဖိနှိပ်အုပ်ချုပ်နေခဲ့သည့် အတွက် မြန်မာပြည်သူလူထုမှာ အကြောက်တရားအောက်တွင် နေထိုင်နေရခဲ့ရသည်။ စစ်အာဏာရှင်များက မြန်မာပြည်တွင်းတွင် စိတ်ထင်တိုင်းချယ်လှယ်နိုင်နေပြီဟု ယူဆချက်များ ကျယ်ကျယ်ပြန့်ပြန့် ရှိနေသည်။။ ယင်းသည် လက်တွေ့ကျသည့် ယူဆချက် ဖြစ်သည်ကို အငြင်းပွားရန် မလိုအပ်ပေ။ လက်တွေ့ဖြစ်ပျက်နေသည့် အရှိတရားသာဖြစ်သည်။ သို့သော် အရှိတရားမှန်သမျှ အမှန်တရား မဟုတ်ပေ။

ဒေါ်အောင်ဆန်းစုကြည်နှင့် ပတ်သက်သော တရားစီရင်ရေးတွင် ကြားနာချက်များကို ဇွန်လ ၁ ရက်နေ့တွင် အဆုံးသတ်ရန် စီစဉ်ပြီးမှ ဇွန်လ ၅ ရက်နေ့သို့ ပထမတကြိမ် ရက်ရွှေ့ခဲ့သည်။ ထိုမှတဖန် နောက်တပါတ်သို့ပါ ထပ်မံရွှေ့ဆိုင်းခဲ့ရသည်။

ယူဆချက်တရပ်မှာ နိုင်ငံတကာ၏ဖိအားသည် ၎င်းတို့အပေါ် ကျရောက်နေမှု မလျော့ကျသေးသည့်အတွက် မြန်မာစစ်အာဏာပိုင်များသည် ဒေါ်အောင်ဆန်းစုကြည်အပေါ် စီရင်ချက်မချရဲသေးခြင်း ဖြစ်သည်။ ထိုယူဆချက်အတိုင်း ဆက်လက် စဉ်းစားတွေးတောကြည့်လျှင် နအဖစစ်ခေါင်းဆောင်များသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် နယ်ပယ်အသီးသီးတွင် အကျပ်အတည်းပေါင်းစုံ နှင့်ရင်ဆိုင်နေရသည့် ဖိအားများကို ခံနိုင်ရည် မရှိတော့ကြောင်း တွေ့လာရပေသည်။

ဒေါ်အောင်ဆန်းစုကြည်အပေါ် စွဲချက်တင်ထားသော အမှုအား အမိန့်မချမှတ်နိုင်ပဲ အချိန်ဆွဲနေသည့် အခြေအနေ၌ ပြည်တွင်းပြည်ပ အင်အားစုများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းအတွက် လုပ်စရာနည်းလမ်းမှာ တခုတည်းပင် ရှိတော့သည်။ ယင်းမှာ မြန်မာစစ်အာဏာပိုင်များအပေါ် ဖြစ်နိုင်သမျှ နယ်ပယ်အသီးသီးမှ ဖိအားများ ဆက်တိုက် ပေးနေရေးပင် ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်အား ဖမ်းဆီးထောင်ချရန် အကွက်ချစီစဉ်ကာ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်နှင့် ဒီမိုကရေစီ အင်အားစုများအား ထိုးစစ်ဆင်ရန် စစ်အာဏာရှင်နအဖက ကြံစည်ထားပုံ ရှိသော်လည်း တန်ပြန်ထိုးစစ်ကြောင့် နအဖသည် ယခုအခါတွင် တိုက်စစ်အနေအထားမှ ခံစစ်အနေအထားကို ရောက်နေပေသည်။ ထို့ကြောင့် စစ်အာဏာရှင် နအဖအပေါ် ဖိအား ဆက်တိုက်ပေးနေပါက နောက်ဆုံး တချိန်ချိန်တွင် အာဏာရှင်တို့၏ ခံစစ် ကျိုးပေါက်ကာ သေချာပေါက် ပြိုလဲရမည် ဖြစ်သည်။

ထို့ကြောင့် စစ်အာဏာရှင်နအဖကို ယခုအခါ အဆက်မပြတ် ထိုးစစ်ဆင်မှုများဖြင့် အပြီးသတ်တိုက်ပွဲ ဆင်နိုင်ရေး အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပါအဝင် ပြည်တွင်းအင်အားစုများ၊ ပြည်ပနိုင်ငံအသီးသီးရောက် မြန်မာ့ဒီမိုကရေစီအင်အားစုများ၊ နိုင်ငံတကာအသိုင်းအဝိုင်းတို့က ညီညာဖျဖျ ဝိုင်းဝန်းပူးပေါင်းကာ အထက်တွင်ဖော်ပြခဲ့သည့် နည်းလမ်းများအပြင် အခြားဖြစ်နိုင်သမျှသော နည်းလမ်းကောင်းများဖြင့် မိမိတို့၏ ကာလံ-ဒေသံ- ပယောဂံနှင့် လျော်ညီစွာ အလေးအနက်ထား စဉ်းစားပြီး လုပ်ဆောင်ကြရန် အထူးလိုအပ်နေပြီ ဖြစ်ပေသည်။

ကျော်ကျော်စိုး

(ဂျပန်)

ဇွန်လ ၅ ရက်။ ၂၀၀၉ ခုနှစ်

………………………………………………


အဆက်မပြတ် ထိုးစစ်ဆင်နိုင်ရေးနှင့် အပြီးသတ် ထိုးစစ်
ပါဝင်လှုပ်ရှားသူများ
(က) အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်နှင့် လူထု လှုပ်ရှားမှု
(ခ) အမျိုးသား နိုင်ငံရေး လူထုလှုပ်ရှားမှု
(ဂ) ပြည်ပရောက် မြန်မာ့ဒီမိုကရေစီ အင်အားစုများ လှုပ်ရှားမှု
(ဃ) ဒီမိုကရေစီ လိုလားသော နိုင်ငံတကာ အသိုင်းအဝိုင်း လှုပ်ရှားမှု

## နည်းလမ်းများ

- **ပါဝင်လှုပ်ရှားသူ (က)**
  - ဒေါ်အောင်ဆန်းစုကြည် အမှုကို တရားဥပဒေရှုထောင့်မှ ပြတ်သားစွာ ခုခံကာကွယ်
  - နိုင်ငံရေးလှုပ်ရှားမှုများကို အရှိန်မြှင့်ဆောင်ရွက်
  - မတရားဖမ်းဆီးထားခြင်းအပေါ် တောင်းဆိုသည့် လှုပ်ရှားမှုများနှင့် လူထုက ပိုမိုထောက်ခံလာအောင် လှုပ်ရှား
- **ပါဝင်လှုပ်ရှားသူ (ခ)**
  - မတရားဖမ်းဆီး ထောင်ချထားမှုကို ဆန့်ကျင်လှုပ်ရှား
  - လူထုလှုပ်ရှားမှုဖြစ်အောင် စနစ်တကျ ပြင်ဆင်
- **ပါဝင်လှုပ်ရှားသူ (ဂ)**
  - မတရားဖမ်းဆီး ထောင်ချထားမှုကို ဆန့်ကျင်လှုပ်ရှား
  - ရောက်ရှိရာနိုင်ငံများတွင် လူထုဆန္ဒပြပွဲများ လှုပ်ရှား
  - ရောက်ရှိရာ နိုင်ငံများရှိ အစိုးရများထံ ချဉ်းကပ်စည်းရုံး
  - ပြည်တွင်းရှိ အကြမ်းမဖက် လူထုလှုပ်ရှားမှုအတွက် လိုအပ်သည့် ထောက်ပံ့မှုများ ဖြည့်ဆည်း
  - မိမိတို့အချင်းချင်း နားလည်မှု အပြည့်အဝဖြင့် အင်အားစုများ စုစည်းကာ ဝိုင်းဝန်းလှုပ်ရှား
  - နိုင်ငံတကာ အသိုင်းအဝိုင်း၏ ကြိုးပမ်းချက်များအပေါ် အားပေးထောက်ခံ
- **ပါဝင်လှုပ်ရှားသူ (ဃ)**
  - နိုင်ငံရေး အရှိန်အဝါများကို အသုံးချလျက် နအဖအား သံတမန်ရေးနှင့် စီးပွားရေးများတွင် ပိုမိုဖိအားပေး
  - နအဖအား စစ်လက်နက် မရောင်းချရေးကို တကမ္ဘာလုံး အတိုင်းအတာဖြင့် ဝိုင်းဝန်းကြိုးပမ်း